
စိတ်ကူးချိုချိုအနုပညာ

# မြတ်ငြိမ်း

# မြေကြီးရှာသူများ

ကလေး၊ လူငယ်များအတွက် ပို၍ ရည်ရွယ်သော ဘာသာပြန်ဆိုချက် စာအုပ်ဖြစ်သည်။ နယ်ပယ်သစ်ရှာဖွေ ချဲ့ထွင်ခဲ့ကြသူများ၏ အားထုတ်လုံ့လနှင့် ကြိုးပမ်းမှု၊ စွန့်လွှတ်မှုနှင့် စွန့်စားမှုတို့က ယနေ့လူသားတို့အတွက် အကျိုးရလဒ်ကို ဖော်ဆောင်ခဲ့ကြကြောင်း ပုံများနှင့်တကွ သမိုင်းအချက်အလက်ပြည့်စုံစွာ ပြန်ဆိုတင်ပြထားသည်။

**EXPLORATIONS AND DISCOVERIES**



ဒုတိယအကြိမ်

mgyoe.com


mgyoe.com

ကလေး၊ လူငယ်များအတွက် ပို၍ ရည်ရွယ်သော ဘာသာပြန်ဆိုချက် စာအုပ်ဖြစ်သည်။ နယ်ပယ်သစ်ရှာဖွေ ချဲ့ထွင်ခဲ့ကြသူများ၏ အားထုတ်လုံ့လနှင့် ကြိုးပမ်းမှု၊ စွန့်လွှတ်မှုနှင့် စွန့်စားမှုတို့က ယနေ့လူသားတို့အတွက် အကျိုးရလဒ်ကို ဖော်ဆောင်ခဲ့ကြကြောင်း ပုံများနှင့်တကွ သမိုင်းအချက်အလက်ပြည့်စုံစွာ ပြန်ဆိုတင်ပြထားသည်။

# မြတ်ငြိမ်း

# မြေကြီးရှာသူများ

# EXPLORATIONS AND DISCOVERIES



MN0021
1,500.00 KS
mgyoe.com

mgyoe.com

မြေကြီးရှာသူများ၊ မြတ်ငြိမ်း
စာမျက်နှာ ၉၄ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၃ ပန်းရွှေပြည်စာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြေကြီးရှာသူများ
# EXPLORATIONS AND DISCOVERIES

မြတ်ငြိမ်း
မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ မြေကြီးရှာသူများ

- ကမ္ဘာမြေကြီးတစ်ခုလုံး အသစ်အဆန်းဖြစ်စဉ်က ၁
- ကမ္ဘာပေါ်တွင် လူဦးရေပျံ့နှံ့လာခြင်း ၂
- ကမ္ဘာပေါ်ရှိ ကျွန်းမြေများပေါ်တွင် အခြေချကြခြင်း ၃
- ရှာဖွေခြင်း၏ ရည်ရွယ်ချက် ၅
- ရှာဖွေမှု ဘယ်ခေတ်က စခဲ့သလဲ ၆
- လူ့အဖွဲ့အစည်းအတွက် ရှာဖွေရေးသမားများ ဘာကြောင့်လိုအပ်သလဲ ၈
- ရှေးအခါက မည်သည့်ကုန်ပစ္စည်းများ ဖလှယ်ခဲ့ကြသလဲ ၉
- ထိုခေတ်ကို ဘာကြောင့် ကြေးခေတ်ဟု ခေါ်တွင်သလဲ ၁၀
- စူးစမ်းရှာဖွေမှုများ ဘာကြောင့်ဆက်လုပ်ကြလဲ ၁၁
- ရှာဖွေရေးသမားဆိုတာ ဘယ်လိုလူစားတွေလဲ ၁၂


mgyoe.com

mgyoe.com


၂။ ခေတ်ဦး ရှုးစမ်းရှာဖွေရေးသမားများ

- ခေတ်ဦး စူစမ်းရှာဖွေရေးသမားအကြောင်း ဘယ်လို သိရှိခဲ့သလဲ ၁၆
- အရေးပါ အရာရောက်သော ခေတ်ဦး စူးစမ်းရှာဖွေရေးသမားများ ၁၈
- အီဂျစ်လူမျိုးတွေ ဘာကြောင့် စူးစမ်းရှာဖွေခဲ့ကြသလဲ ၁၉
- နီခို၏ သင်္ဘောတပ်ဖွဲ့ ဘယ်လောက်ကြာအောင် ရွက်လွှင့်ခဲ့ရသလဲ ၂၀
- နီခို၏ သင်္ဘောတပ်ဖွဲ့ မည်သည့်လမ်းကြောင်းအတိုင်း ခရီးနှင်ခဲ့သလဲ ၂၁
- ကာသေ့လူမျိုးများ ဘာကြောင့် ရေကြောင်းခရီးများ ထွက်ခဲ့သလဲ ၂၃
- ဟာန်နို သွားခဲ့သည့် ရေလမ်းကြောင်း ၂၅
- ဂရိလူမျိုးတွေ ဘာကြောင့် မြောက်အရပ်သို့ ခြေဦးလှည့်ခဲ့သလဲ ၂၆
- ပိုင်သီးယပ် အသုံးပြုခဲ့သည့် အထူးပညာရပ် ၂၇
- ပိုင်သီးယပ် ဘယ်ဒေသတွေ ရောက်ခဲ့သလဲ ၂၈
- ပိုင်သီးယပ်၏ ရေကြောင်းခရီးစဉ်ကြောင့် လူသားမျိုးနွယ်မှာ ဘာတွေ အကျိုးရှိခဲ့သလဲ ၂၉

၃။ ဗိုက်ကင်းများ အနောက်ဘက်သို့ရွက်လွှင့်ခြင်း

- အမှောင်ခေတ်အတွင်း နိုင်ငံတွေအချင်းချင်း အဆက်အသွယ်ရှိခဲ့သလား ၃၂


mgyoe.com

mgyoe.com

■ အမှောင်ခေတ်များအတွင်း
စူးစမ်းရှာဖွေမှုများရှိသလား ၃၃
■ ဗိုက်ကင်းတွေ ဘာကို ရှာဖွေကြသလဲ ၃၃
■ ဗိုက်ကင်းတွေ ဘယ်လိုသင်္ဘောများကို
အသုံးပြုခဲ့သလဲ ၃၄
■ ဗိုက်ကင်းတွေ ဘယ်ဒေသကို ဦးစွာ
ရှာဖွေရောက်ရှိခဲ့သလဲ ၃၅
■ အဲရစ်အနီ ဘာကို ရှာဖွေတွေ့ရှိခဲ့သလဲ ၃၇
■ မြောက်အမေရိကကို ဘယ်သူ ရှာဖွေတွေ့ရှိခဲ့သလဲ ၃၈
■ မြောက်အမေရိကတိုက်မှာ
ဗိုက်ကင်းလက်အောက်ခံနယ်မြေများ
ဘာကြောင့် မအောင်မြင်သလဲ ၃၉

၄။ မာကိုပိုလို၏ ခြေကျင်ခရီးရှည်
■ ရှေးဟောင်း တရုတ်ပြည်သို့ သွားခဲ့သည့်
ညီအစ်ကိုနှစ်ဦး ၄၂
■ ကူဘလိုင်ခန်၏ အစီအစဉ်ကို
အကောင်အထည် ဖော်ခဲ့သလား ၄၄
■ ခရီးစဉ်တစ်လျှောက်တွင် မာကိုပိုလို
ဘာတွေ တွေ့မြင်ခဲ့သလဲ ၄၅
■ ကူဘလိုင်ခန်သည် ဘယ်လို လူစားလဲ ၄၈
■ မာကိုပိုလို ဘာကြောင့် တရုတ်ပြည်ကို
စွန့်ခွာခဲ့သလဲ ၅၀
■ မာကိုပိုလို၏ ရေးသားချက်နှင့် ပတ်သက်၍ ၅၁

mgyoe.com

mgyoe.com

၅။ ကိုလံဘတ် အမေရိကတိုက်ကို ပြန်လည်တွေ့ရှိခြင်း

- ကမ္ဘာကြီး လုံးသည်ဆိုသည်ကို ယုံကြည်ခဲ့သည်မှာ ကိုလံဘတ် တစ်ဦးတည်းလား ၅၄
- အရှေ့ အင်ဒီးဒေသသို့ ကိုလံဘတ် ဘာကြောင့် သွားချင်သလဲ ၅၅
- သူ၏ သမိုင်းဝင်ခရီးစဉ်အတွက် ငွေကြေး ဘယ်ကရခဲ့သလဲ ၅၆
- ကိုလံဘတ်နှင့်အတူ လူအင်အား၊ သင်္ဘောအင်အား ဘယ်လောက် ပါသွားသလဲ ၅၇
- ကိုလံဘတ်၏ သင်္ဘောကပ္ပတိန်များ ဘာကြောင့် စပိန်သို့ ပြန်ချင်ကြသလဲ ၅၈
- ကိုလံဘတ်နှင့် သူ့အဖွဲ့ ဘယ်ဒေသသို့ ရောက်သွားသလဲ ၆၀
- ကိုလံဘတ် ရှာဖွေခဲ့သည့် အမေရိကတိုက်၏ အခြားဒေသများ ၆၁
- တွေ့ရှိထားသည့် ကမ္ဘာသစ်ကို ဘာကြောင့် "အမေရိက"ဟု ခေါ်တွင်သလဲ ၆၃
- အမေရိကတိုက်များကို တွေ့ရှိသည့်အတွက် စပိန်နိုင်ငံ ဘယ်လို အမြတ်ထွက်ခဲ့သလဲ ၆၄

၆။ ဗာစကိုဒဂါးမား အာဖရိကတိုက်ကို ဒုတိယအကြိမ်ပတ်သူ

- ပေါ်တူဂီပြည်၏ အိမ်ရှေ့မင်းသား ဟင်နရီ ၆၅
- အာဖရိကတိုက်ကို ကွေ့ပတ်နိုင်ရန် ဟင်နရီ၏ စီစဉ်ဆောင်ရွက်ချက်များ ၆၇

mgyoe.com

mgyoe.com

■ ပေါ်တူဂီသင်္ဘော ကပ္ပတိန်တို့
ထွက်ခဲ့သည့် ခရီးစဉ်များ ၆၈
■ အိန္ဒိယသို့ ဗာစကိုဒဂါးမား
ဘယ်တော့မှ ရောက်သလဲ ၇၀
■ ပေါ်တူဂီ လက်အောက်ခံ နယ်မြေထူထောင်မှုများ
အောင်မြင်ခဲ့သလား ၇၁

၇။ ဗိုက်ကင်းများ၏ လမ်းကြောင်းအတိုင်းလိုက်သော
ဂျွန်ကဘော့
■ သူ့ခရီးစဉ်အတွက် ငွေ ဘယ်ကရသလဲ ၇၄
■ ကဘော့ ဘယ်လမ်းကြောင်းကို လိုက်ခဲ့သလဲ ၇၅
■ ကဘော့၏ ဒုတိယ ခရီးစဉ် ၇၆

၈။ မက်ဂဲလန်နှင့် ကွတ်တို့
သမုဒ္ဒရာအသစ်တစင်းကို တွေ့ရှိခြင်း
■ မက်ဂဲလန်၏ အစီအစဉ် ၈၀
■ မက်ဂဲလန်၏ ခရီးစဉ်ကြောင့် ဖြစ်ထွန်းခဲ့သည့်
အကျိုးကျေးဇူးများ ၈၀
■ ကပ္ပတိန်ကွတ်၏ ခရီးစဉ်များနှင့်
အရေးပါ အရာရောက်မှုများ ၈၂

၉။ ကမ္ဘာ့အစွန်းများသို့ ပြီးတော့ ပိုဝေးသော
■ မြောက်ဝင်ရိုးစွန်းသို့ ပထမဆုံးရောက်သူ ၈၆
■ အနောက်မြောက်လမ်းကြောင်းကို တွေ့ရှိခြင်း ၈၇

mgyoe.com

mgyoe.com


■ အင်တာတိတ်ကို ဘာကြောင့်
အများစိတ်ဝင်စားကြသလဲ ၈၈

■ တောင်ဝင်ရိုးစွန်းကို ဘယ်သူ ရှာဖွေတွေ့ရှိခဲ့သလဲ ၈၉

■ တောင်ဝင်ရိုးစွန်းတွင်
စိတ်ဝင်စားစရာ ဘာတွေ ရှိနေသေးသလဲ ၉၁

■ နောက်ထပ် စူးစမ်းရှာဖွေရန်နှင့်
ဖော်ထုတ်တွေ့ရှိရန် နယ်ပယ်များ ၉၂


* * *

mgyoe.com

mgyoe.com




[ ၁ ]

# မြေကြီးရှာသူများ

**ကမ္ဘာမြေကြီးတစ်ခုလုံး အသစ်အဆန်းဖြစ်စဉ်က**


လူ့သမိုင်းဦးခေတ်ကဆိုလျှင် ကမ္ဘာကြီးတစ်ခုလုံးသည် ရှာဖွေဖော်ထုတ်စရာတွေ ပြည့်နှက်နေသည့် နေရာကြီး ဖြစ်ခဲ့သည်။ ကမ္ဘာလုံးက နေကို မှန်မှန်ကြီး လှည့်ပတ်နေသည်။ ရာသီဥတုတွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြင့် ပြောင်းလဲနေသည်။ လူသားမျိုးနွယ်သစ်များက အစားအစာ ရှာဖွေရေးအတွက် ဦးနှောက်ကို အသုံးချ၊ လက်ရုံးကို အားပြုခဲ့ကြသည်။ ထိုစဉ်က ကမ္ဘာပေါ်တွင် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံး အလုပ်မှာ အစားအစာ ရှာဖွေရေး။


ဥရောပတိုက်နှင့် အာရှတိုက်နယ်မြေအသီးသီးမှ လူစုကလေးများသည် တိရစ္ဆာန်အုပ်ကြီးတွေ လှုပ်ရှားသွားလာရာနောက်သို့ လိုက်



mgyoe.com







ကျောက်ခေတ်လက်နက်များ

ကြသည်။ စားလို့ရသော ပေါက်ပင်များရှိရာ ဒေသများတွင် တစ်ထောက်နားကြသည်။ ထို့နောက် ခရီးဆက်ကြပြန်သည်။ သူတို့က ကျောက်သား၊ သစ်သား၊ အရိုးတို့ဖြင့် လက်နက်များ တီထွင်သည်။ ထိုသို့ လှည့်လည်သွားလာနေသည့် သူတို့အတွက် အစားအစာ ဖူဖူလုံလုံရစေရန် သူတို့တီထွင်ပြုလုပ်ထားသည့် လက်နက်များကို အသုံးပြုရှာဖွေကြသည်။

## ကမ္ဘာပေါ်တွင် လူဦးရေ ပျံ့နှံ့လာခြင်း

ထိုစဉ်အခါက အမဲလိုက်မုဆိုးများ ဦးဆောင်သည့် လူစုကလေးများသည် ကိုယ့်အုပ်စုနှင့်ကိုယ် အစားအစာနောက်သို့ လိုက်ရင်း တဖြည်းဖြည်း ကမ္ဘာမြေအနှံ့သို့ ပျံ့သွားကြသည်။ ထိုသို့သော လူမျိုးစုကလေးများသည် ခြေဦးတည့်ရာသွားလာကြရင်း အမေရိကတိုက် နှစ်တိုက်ပေါ်တွင် အခြေချမိခဲ့ကြလေသည်။ ကျောက်ခေတ်လူသားများဖြစ်သည့် အဆိုပါလူမျိုးစုကလေးများသည် ဆိုက်ဘေးရီးယားရှိ ရေခဲ ကန္တာရကြီး

mgyoe.com

mgyoe.com



တွေမှ စတင်ခရီးထွက်ခဲ့ကြပြီး အလစကာကို ကျော်ဖြတ်ကာ ပူနွေးသည့် ရာသီဥတုရှိရာ တောင်နှင့် မြောက်အမေရိကတိုက်များသို့ ရောက်ခဲ့ကြသည်။ အခြားအုပ်စုကလေးတွေကတော့ လမ်းခရီးတစ်လျှောက်တွင် သူတို့အတွက် အဆင်ပြေမည့် နေရာဒေသများတွင် အခြေချ ကျန်ရစ်ခဲ့ကြသည်။ တကယ်တော့ သူတို့သည်လည်း ဥရောပနှင့် အာရှတိုက်တို့ရှိ အခြားအခြားသော မုဆိုးအုပ်စုများလိုပင် တစ်နေရာမှ တစ်နေရာသို့ သွားလာရွှေ့ပြောင်းနေထိုင်သူများပင် ဖြစ်ပေသည်။


ကမ္ဘာပေါ်ရှိ ကျွန်းမြေများပေါ်တွင် အခြေချကြခြင်း

ထိုခေတ်ကလူများ အစားအစာရှာဖွေသည့် နောက်တစ်နည်းမှာ ငါးဖမ်းခြင်း၊ သူတို့က အကြမ်းထည်မျှဖြစ်သော လှေများ တည်ဆောက်ကြသည်။ အဆိုပါ လှေများဖြင့် ပင်လယ်ကမ်းခြေသို့ သွားပြီး ငါးဖမ်းကြသည်။ ငါးဖမ်းပုံဖမ်းနည်းမှာ ငါးကို မှိန်းဖြင့် ထိုးပြီးဖမ်းသည်။ သို့မဟုတ်



mgyoe.com

mgyoe.com

ပါက ပိုက်ဖြင့် ဖမ်းသည်။ သူတို့က လှေတွေကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်တည်ဆောက်လာကြသည်။ လှေတွေ ပိုကောင်းလာသောအခါ ခရီးဝေးဝေး ပိုသွားနိုင်ကြသည်။ တချို့မှာ မုန်တိုင်းမိပြီး ပင်လယ်ကမ်းခြေမှသည် ပင်လယ်ရေနက်ထဲသို့ ရောက်သွားကြသည်။ ပင်လယ်ရေပြင်တွင် မသေမပျောက်ဘဲ အသက်ရှင်ကျန်နေသည့် လူနည်းစုသည် လူသူမရှိသော ထူးခြားသည့် ကမ်းခြေများသို့ ရောက်သွားတတ်သည်။ သို့သော် အများစုသည် သူတို့၏ နေရင်းဒေသသို့ မပြန်နိုင်ကြ။ သို့ဖြင့် အဆိုပါနေရာသစ်များမှာပင် အခြေချနေထိုင်ကြတော့၏။ ဤသို့ဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများပေါ်တွင် လူတွေ နေထိုင်ဖြစ်သွားတော့သည်။

ထိုသို့ဖြင့် အမြဲတစေ ခွန်အားစိုက်ထုတ် လှုပ်ရှားနေသည့် လူသားမျိုးနွယ်များသည် အစားအစာရှာဖွေရင်း ကမ္ဘာ့နေရာဒေသအသီးသီးတွင် အခြေချ နေထိုင်လာကြတော့၏။

mgyoe.com

mgyoe.com



### ရှာဖွေခြင်း၏ ရည်ရွယ်ချက်

အစားအစာရှာဖွေရင်း ကမ္ဘာ့နေရာအနှံ့သို့ ရောက်ရှိသွားခြင်းကို "စူးစမ်းရှာဖွေခြင်း"ဟု သတ်မှတ်၍ မရပါ။ သူတို့သည် ဖော်ထုတ်တွေ့ရှိမှုများ ရှိခဲ့သည် မှန်၏။ အဆိုပါ လူမျိုးစုကလေးများသည် ကမ္ဘာ့နေရာ ဒေသအသီးသီးကို ဖော်ထုတ် တွေ့ရှိခဲ့ကြသည်။ သို့သော် သူတို့သည် တမင်တကာ စူးစမ်းရှာဖွေခဲ့ကြခြင်း မဟုတ်ပေ။ သူတို့သည် အစားအစာကို ရှာဖွေကြ၏။ ထို့အပြင် အခြားရုပ်ဝတ္ထုပစ္စည်းများ လိုချင်ကြသည်။ လူဦးရေ များများစားစားနေနိုင်အောင် နေရာကျယ်ကျယ်



mgyoe.com

mgyoe.com


ပြန့်ပြန့် လိုချင်ကြသည်။ သူတို့၏ ကိုယ်ပိုင်လူမှုရေးစနစ်နှင့် ဘာသာရေးများ တည်ဆောက်နိုင်မည့် နေရာဌာနများ လိုချင်ကြသည်။ အဆိုပါ လိုအင်ဆန္ဒများကို ဖြည့်စွမ်းနိုင်ရေးအတွက် နယ်ပယ်သစ် ရှာဖွေကြခြင်းသာ ဖြစ်သည်။

စူးစမ်းရှာဖွေခြင်း၏ ရည်ရွယ်ချက်တွေအထဲတွင် လက်အောက်ခံနယ်မြေ (ကိုလိုနီ)များ ထူထောင်ရန်၊ ကုန်သွယ်ရေးလမ်းကြောင်းများ ဖွင့်ရန်၊ မတူညီသော ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရန် စသည်တို့လည်း ပါဝင်သည်။

ရှေးခေတ် သမိုင်းဦးလူသားများ ဖော်ထုတ်တွေ့ရှိကြသည်မှာ အမှတ်မထင် မတော်တဆ တွေ့ရှိကြခြင်း ဖြစ်၏။ သို့သော် စူးစမ်းရှာဖွေခြင်းတွင် ရည်ရွယ်ချက်တစ်ခုတော့ အမြဲရှိသည်။

## ရှာဖွေမှု ဘယ်ခေတ်က စခဲ့သလဲ


နေ့စွဲ၊ ရက်စွဲများနှင့် မှတ်တမ်းမှတ်ရာများ အတိအကျ မရှိခဲ့ပါ။ သို့သော် လူသားမျိုးနွယ်များ တစ်နေရာမဟုတ် တစ်နေရာတွင် အခြေချနေထိုင်ပြီဆိုကတည်းက သူတို့သည် စူးစမ်းရှာဖွေမှုကို စတင်လုပ်ကိုင်ခဲ့ကြသည်။ အခြေချနေထိုင်ခြင်းဆိုသည်မှာ စိုက်ပျိုးရေးကို တီထွင်လုပ်ကိုင်တတ်လာခြင်း၏ ရလဒ်ဖြစ်၏။ လူသားတွေ ထိုသို့ စိုက်ပျိုးတတ်လာသည်မှာ လွန်ခဲ့သည့် သောင်းပေါင်းများစွာသော နှစ်တွေတုန်းက ဖြစ်၏။

လူတို့သည် တစ်နေရာတည်းတွင် တစ်နှစ်ပြီးတစ်နှစ် စိုက်ပျိုးခြင်းဖြင့် အစားအစာရှာဖွေ စုဆောင်းနိုင်လာသောအခါ သူတို့က ရွာတွေတည်သည်။ ထို့နောက် မြို့တွေတည်သည်။ အရှေ့အလယ်ပိုင်း၊ အိန္ဒိယ၊ တရုတ်၊ မလေးကျွန်းဆွယ်နှင့် အာဖရိက မြောက်ပိုင်းတို့တွင် စိုက်ပျိုးလို့

mgyoe.com

mgyoe.com





ရသည့် ကွင်းများအနီး၌ မြို့ကြီး၊ ရွာကြီးများ တည်ဆောက်ခဲ့ကြသည်။

ခရစ်တော် မပေါ်ပေါက်မီ ရာစုနှစ်ပေါင်းများစွာကတည်းကပင် လူသားမျိုးနွယ်များသည် မြို့နှင့် ရွာနှင့် နေသူများ၊ လယ်ယာစိုက်ပျိုးသူများ ဖြစ်နေကြလေပြီ။ အိုးအိမ် အတည်တကျမရှိဘဲ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေသည့်ဘဝသည် တဖြည်းဖြည်း ပျောက်ကွယ်လာသည်။ အထူးကုန်သွယ်ရေးများ ထွန်းကားလာသည်။ ကုန်ပစ္စည်းချင်းဖလှယ်သည့်စနစ် နေရာတွင် ကြားခံပစ္စည်းအဖြစ် ပိုက်ဆံသုံးစနစ် ပေါ်လာသည်။

ယခင်က မရှိခဲ့သည့် လူတွေအချင်းချင်း တစ်ဦးအပေါ်တစ်ဦး မှီခိုအားထားမှုများ ထွန်းကားလာသည်။ လူတချို့က အစားအစာများဖြစ်ထွန်းအောင် ဖန်တီးကြသည်။ လူတချို့က လက်နက်ကိရိယာတွေ ပြုလုပ်ကြသည်။ သို့သော် ထူးခြားသော လူအချို့ကမူ ခရီးထွက်သွားလာနေဆဲပင် ရှိ၏။ သူတို့က ကမ္ဘာပေါ်တွင် လမ်းကြောင်းသစ်များ ဖော်ထုတ်ခဲ့သည်။ သူတို့ကား စူးစမ်းရှာဖွေရေးသမားများပင် ဖြစ်၏။

mgyoe.com

mgyoe.com




## လူ့အဖွဲ့အစည်းအတွက် ရှာဖွေရေးသမားများ ဘာကြောင့်လိုအပ်သလဲ

ကမ္ဘာ့လူဦးရေ အများစုသည် တစ်နေရာရာတွင် အခြေချနေထိုင်နေကြသည်။ ထိုအခါ ကွဲပြားခြားနားသော နေရာဒေသများအကြားတွင် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းများ ဖွင့်လှစ်ပေးသည်မှာ စူးစမ်းရှာဖွေရေးသမားများပင် ဖြစ်တော့၏။ ထိုသို့သော အပြန်အလှန် ကူးသန်းရောင်းဝယ်ရေးသည် လိုအပ်၏။

ကမ္ဘာ၏ နေရာဒေသတစ်ခုတွင် ကုန်ပစ္စည်းတစ်မျိုးမျိုးသည် အလျှံပယ် ပေါကြွယ်ဝနေသည်။ သို့သော် တခြားနေရာဒေသတစ်ခုတွင် ထိုကုန်ပစ္စည်းမျိုး မရှိ။ ရှားပါးသည်။ တစ်ခါတစ်ရံတွင် ကုန်ကြမ်းပစ္စည်းတစ်မျိုး သို့မဟုတ် ကိရိယာတန်ဆာပလာတစ်ခု၊ ကြွေထည်ပစ္စည်းတစ်မျိုး၊ အလှဆင်ပစ္စည်းတစ်ခု စသည့် ကုန်ချောပစ္စည်းများသည် တစ်နေရာတွင် ပေါသည်။ လူသုံးမများ။ သို့သော် အဆိုပါပစ္စည်းတစ်ခုသည် အခြားတစ်နေရာတွင် ရှားပါးသည်။ တန်ဖိုးကြီးနေတတ်သည်။

အဆိုပါပစ္စည်းများ၏ တန်ဖိုးကို လူတွေ သိမြင်သဘောပေါက်လာသောအခါ စက်ရုံတွေထောင်ပြီး အဆိုပါပစ္စည်းများကို ထုတ်လုပ်

mgyoe.com

mgyoe.com



တော့သည်။ ပြီးတော့ ရောင်းချကြသည်။ ရသည့်ငွေဖြင့် မိမိတို့ နေရာဒေသတွင် ရှားပါးပြီး လိုအပ်သော ပစ္စည်းများကို မိမိတို့အတွက် ပြန်ဝယ်ကြသည်။

ထိုသို့ အပြန်အလှန် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းများကို ဖော်ထုတ်တည်ဆောက်ခဲ့ကြသူများမှာ ရှာဖွေရေးသမားများပင် ဖြစ်တော့၏။

## ရှေးအခါက မည်သည့်ကုန်ပစ္စည်းများ ဖလှယ်ခဲ့ကြသလဲ

ဘီစီ ၁၀၀၀ လောက် ရောက်သောအခါ ကမ္ဘာ့လူနေဒေသများအားလုံးသည် ကုန်သွယ်လမ်းကြောင်းများ ဖောက်ထားပြီးနေလေပြီ။ အမျိုးမျိုး အမည်မည်သော ကုန်ပစ္စည်းများကို အဆိုပါ လမ်းကြောင်းများအတိုင်း အပြန်အလှန် သယ်ပို့ကြသည်။ ကုန်သွယ်လမ်းကြောင်းများဆိုရာ၌ ကုန်းလမ်းများရှိသလို ရေလမ်းများလည်း ရှိသည်။



mgyoe.com

mgyoe.com


ဥရောပမြောက်ပိုင်းမှ ဆားနှင့် ပယင်းများကို ဒညုမြစ်ရိုးအတိုင်း ဖောက်ထားသည့် ကုန်လမ်းအတိုင်း သယ်ကြသည်။ ပြီးတော့ အဲ့(လ်)(ပ်) တောင်တန်းကြီးကို ဖြတ်ကျော်သည်။ ထိုလမ်းကြောင်းအတိုင်းပင် အခြား ကုန်သည်တစ်စုက တောင်ဘက်ရှိ မြေထဲပင်လယ်ဆီသို့ သယ်ဆောင် လာကြသည်မှာ သားမွေးများနှင့် တိရစ္ဆာန်သားရေများ။ ဤသို့ဖြင့် အီဂျစ်နိုင်ငံမှ လုပပြီး လက်ရာမြောက်သော ဆင်စွယ်ပစ္စည်းများ၊ ဖန် ထည်ပစ္စည်းများကို ရောင်းချပြီး သားမွေးများနှင့် သားရေများ ပြန် ဝယ်ကြသည်။ ထိုခေတ် ထိုအခါက လူကြိုက်များသော ကုန်ပစ္စည်း များအထဲတွင် ဟင်းမွှေးမဆလာများ၊ အမွှေးတိုင်များလည်း ပါဝင်သည်။ ထို့အပြင် အရှေ့တိုင်းနိုင်ငံများမှ ပိုးထည်၊ ဖဲထည်၊ ဟင်းခတ်အမွှေး အကြိုင်နှင့် သစ်မွှေးများသည်လည်း ရောင်းပန်းလှသော ကုန်ပစ္စည်းများ ဖြစ်၏။

## ထိုခေတ်ကို ဘာကြောင့် ကြေးခေတ်ဟု ခေါ်တွင်သလဲ

သတ္တုများ အရာအရောက်ဆုံးခေတ် ဖြစ်သည်။ ရွှေနှင့် ငွေကို ပိုက်ဆံပြုရာတွင် သုံးသည်။ အလှဆင်ပစ္စည်းများ ပြုလုပ်ရာတွင်လည်း သုံးသည်။ ထို့ကြောင့် ရွှေနှင့်ငွေကို တန်ဖိုးထားကြသည်။ သို့သော် ကြေးမှာ စီးပွားရေးအရ ပိုပြီး တွက်ခြေကိုက်သည်။

သတ္တုရှာဖွေရေး အလုပ်သမားများသည် မထင်မှတ်ဘဲ သတ္တု တစ်မျိုးကို ရှာဖွေတွေ့ခဲ့ကြသည်။ ၎င်းသတ္တုမှာ မာကျောသည်။ ဖိအားဖြင့် ပုံသွင်း၍ ရသည်။ ၎င်းသတ္တုကို ဓာတ်ခွဲကြည့်သောအခါ သံဖြူ တစ်ဆယ်ရာခိုင်နှုန်း ပါဝင်ပြီး ကြေးနီ ကိုးဆယ်ရာခိုင်နှုန်း ပါဝင် သည်ကို တွေ့ရ၏။ ကြေးဝါဟု ခေါ်တွင်သော အဆိုပါသတ္တုသည် လူသားများကို ကြီးစွာ အကျိုးပြုခဲ့သည်။

mgyoe.com

mgyoe.com



ကြေးဝါဖြင့် လက်နက်များ၊ အဆောက်အအုံသုံးပစ္စည်းများ၊ ဖလားတွေ၊ ကရားတွေ၊ ကြာရှည်ခံဖို့ လိုအပ်သောပစ္စည်းများ ပြုလုပ်ကြသည်။ ကြေးဝါကို ဦးစွာ ပိုင်ဆိုင်သည့် နိုင်ငံများသည် စစ်ပွဲများတွင် အနိုင်ရကြသည်။ ကြေးဝါကို အားပြုခဲ့သောနိုင်ငံများသည် သံကို စတင်တွေ့ရှိချိန်တွင် တန်ခိုးအာဏာ လျော့ပါးကြရသည်။

**စူးစမ်းရှာဖွေမှုများ ဘာကြောင့် ဆက်လုပ်ကြလဲ**

ကျွန်ုပ်တို့ လွယ်ကူစွာ သိမြင်နိုင်သည့်အတိုင်း ရှေးခေတ်ကမ္ဘာမှ လူသားတွေသည် ခရီးထွက်များသူတွေ ဖြစ်၏။ လမ်းကြောင်းတွေ တိကျခိုင်မာစွာရှိပြီး ကုန်သွယ်ရေးလုပ်ငန်းများ ထွန်းကားခဲ့သည်။ သို့သော် လူတချို့ကတော့ အတွေးကြွယ်ကြသည်။ ကမ္ဘာမြေကြီးသည် သူတို့ လက်ရှိ မြေပုံပေါ်တွင် တွေ့ရသည့် နေရာဒေသများထက် လွန်စွာ



mgyoe.com

mgyoe.com


ကျယ်ပြန့်ကြောင်း သူတို့ သိနေသည်။ သည်တော့ စူးစမ်းရှာဖွေမှုများ ဆက်လက် ပြုလုပ်ကြသည်။

စူးစမ်းရှာဖွေမှုများပြုလုပ်ခြင်းမှာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်၏။ ပထမ အကြောင်းရင်းမှာ စီးပွားရေးဖြစ်၏။ ရှေးခေတ် နယ်ရှင်ပယ်ရှင်များသည် သူတို့၏ အာဏာစက်ကို ဖြန့်ကြက်ချင်ကြသည်။ နယ်သစ်ပယ်သစ်များကို စိုးမိုးအုပ်ချုပ်ချင်ကြသည်။ ကုန်ပစ္စည်းအမျိုးအမည်သစ်များကို ရှာဖွေရယူချင်ကြသည်။ သူတို့၏ ထွက်ကုန်များအတွက် ဈေးကွက်သစ်များ ဖော်ထုတ်ချင်ကြသည်။ စည်းစိမ်အသစ်၊ ဇိမ်ခံပစ္စည်းအသစ်များကို စမ်းသပ်ခံစားကြည့်ချင်ကြသည်။ ကျေးကျွန်အသစ်များ ရှာဖွေသည်။ သူတို့၏ အမြင့်မားဆုံးဆန္ဒမှာ ကမ္ဘာကြီးကို တတ်နိုင်သမျှ လွှမ်းမိုးအုပ်စိုးချင်ကြခြင်းပင် ဖြစ်သည်။

## ရှာဖွေရေးသမားဆိုတာ ဘယ်လိုလူစားတွေလဲ

စူးစမ်းရှာဖွေမှု ပြုလုပ်ခြင်း၏ ဒုတိယအကြောင်းရင်းမှာ စူစမ်းရှာဖွေသူများ၏ စိတ်ဓာတ်ပင် ဖြစ်၏။ သူတို့သည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများလက်အောက်တွင် မတောင့်မတ မကြောင့်မကြ နေကြရသည်။ သို့သော် သူတို့၏ရင်တွင်းတွင် အခြားသူများနှင့်မတူဘဲ လုံးဝခြားနားသည့် စေ့ဆော်မှုတစ်ရပ် ရှိနေသည်။ ၎င်းစေ့ဆော်မှုက သူတို့အား လူသူအရောက်အပေါက် မရှိသေးသည့် ပင်လယ်ပြင်ကြီးများဆီသို့ ရွက်လွှင့်စေသည်။ ဖုန်တသောသောထ သဲကန္တာရကြီးများကို ဖြတ်ကျော်စေသည်။ ရေခဲမျောတုံးကြီးများကို ရဲဝံ့ပြောင်မြောက်စွာ ရင်ဆိုင်စေသည်။ သူတို့ ရှင်သန်ရပ်တည်ရေးအတွက် ရိုင်းစိုင်းရန်လိုသောသူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်စေသည်။

သူတို့ကား အန္တရာယ်ကို ရှာဖွေအောင်နိုင်ဖို့ အားထုတ်သူများ

mgyoe.com

mgyoe.com





ဖြစ်သည်။ သူတို့သည် မြို့ကြီးပြကြီးများတွင် ငြိမ်းချမ်းစွာ အန္တရာယ်ကင်းစွာနေရခြင်းကို မကျေမနပ် မရောင့်ရဲနိုင်သူများ ဖြစ်သည်။ သူတို့သည် မသိနားမလည်သေးသည့် အရာများကို သက်စွန့်ကြိုးပမ်း မရှာဖွေရသမျှ ပျော်ရွှင်နှစ်သိမ့်မှု မရနိုင်သူများ ဖြစ်သည်။

နေမင်းကြီးသည် အနောက်ဘက်ရှိ ပင်လယ်ကြီးထဲသို့ တကယ်ပဲ ငုပ်လျှိုးသွားသလား။

သမုဒ္ဒရာကြီးက ကမ္ဘာ၏ အနားသတ်အစွန်းကဲ့သို့သော တောင်စောက်ကြီးတွေကို တကယ်ပဲ မှုတ်ထုတ်လိုက်သလား။

မိုးကောင်းကင်နှင့် ထိစပ်နေသည့် တောင်ကြီးတွေအပေါ်တွင် ထူးခြားပြီး အံ့ဩစရာကောင်းသည့်လူတွေ တကယ်ပဲနေထိုင်ကြသလား။

ထိုမေးခွန်းများကို ဖြေနိုင်ရေးအတွက် စူးစမ်းရှာဖွေရေးသမားများသည် ကမ္ဘာ့အစွန်အဖျားများကို ရောက်သည့်တိုင် ရွက်လွှင့်ကြ

mgyoe.com

mgyoe.com


သည်။ အချို့က သူတို့လိုချင်သည့် အဖြေများကိုရပြီး အောင်မြင်ဝံ့ကြွား စွာ ပြန်လာကြသည်။ အခြားသူများကတော့ ဘယ်သောအခါမျှ ပြန် မလာကြတော့။ သူတို့သည် အသက်ကို စွန့်လွှတ်လိုက်ကြရပြီ ဖြစ်၏။ မည်သို့ဆိုစေ သူတို့သည် သူတို့၏ ကြီးမားသော ဆန္ဒတစ်ရပ် ပြည့်ဝ သွားကြသည်။ ၎င်းဆန္ဒကား မသိသေး၊ နားမလည်သေးသည့်အရာများ ကို စူးစမ်းရှာဖွေခြင်းပင် ဖြစ်တော့၏။ ။

* * *

mgyoe.com

mgyoe.com

[၂]

# ခေတ်ဦး စူးစမ်းရှာဖွေရေးသမားများ



“ပထမဦးဆုံး စူးစမ်းရှာဖွေရေးသမားများ”ဟု ခေါ်ဝေါ်သမုတ်သင့်သော သူတွေသည် ဘယ်သူတွေ ဖြစ်သည်ဆိုသည်ကို ဘယ်သူမျှ သေချာ တတ်အပ် မပြောနိုင်ပါ။ သူတို့၏ ရှေးဦး ခရီးစဉ်များအကြောင်း မှတ်တမ်းမှတ်ရာများ ရေးထားခဲ့သည်ဆိုလျှင်လည်း အဆိုပါ မှတ်တမ်းမှတ်ရာများသည် ကာလကြာစွာကပင် တိမ်မြုပ်ပျောက်ကွယ်ကုန်ပြီ ဖြစ်၏။ သို့သော် ယဉ်ကျေးမှု ခေတ်ဦးပိုင်းကတည်းကပင် လူတွေသည် ကမ္ဘာကြီး၏ မျက်နှာပြင်ပေါ်တွင် လမ်းသစ်များ ဖောက်ခဲ့ကြသည်မှာ သေချာပါသည်။ ထိုထိုသော အမည်မသိ ပုဂ္ဂိုလ်များကြောင့် ပထမဦးဆုံး

mgyoe.com

mgyoe.com


ကုန်းလမ်းကြောင်းများနှင့် ရေလမ်းကြောင်းများ ပေါ်ထွန်းခဲ့ခြင်း ဖြစ်ပေသည်။ သူတို့၏ အမည်နာမများမှာမူ နှစ်ကာလများစွာ ထုတက်လာသည့် မြေမှုန့်တွေအောက်တွင် နစ်မြုပ်ပျောက်ကွယ် မေ့လျော့ကုန်ကြလေပြီ။

**ခေတ်ဦး စူးစမ်းရှာဖွေရေးသမားအကြောင်း ဘယ်လိုသိရှိခဲ့သလဲ**

ယနေ့ ကျွန်ုပ်တို့ သိရှိနေသည့် သမိုင်းကြောင်းဆိုင်ရာ ဗဟုသုတအားလုံးနီးပါးမှာ ခရစ်တော်မမွေးမီ နှစ်ပေါင်း နှစ်ထောင်၊ သုံးထောင်ခန့်က ပေါ်ထွန်းခဲ့သည့် ရှေးဟောင်း ဂရိလူမျိုးများ၏ မှတ်တမ်းမှတ်ရာများကြောင့် ဖြစ်၏။ သူတို့အားလုံးကို ကျွန်ုပ်တို့ အထူးကျေးဇူးတင်ရမည်ဖြစ်ပါသည်။ သူတို့အထဲမှ အရေးပါ အရာအရောက်ဆုံးပုဂ္ဂိုလ်မှာ ဘီစီ ၄၈၄ မှ ၄၂၅ အထိ နေထိုင်အသက်ရှင်သွားသည့် "ဟီရိုဒိုးတပ်"ဆိုသူဖြစ်၏။ သူ့ကို "သမိုင်း၏ ဖခင်ကြီး" ဟု ခေါ်ကြသည်။ သူသည် လူသားများ၏ ဆောင်ရွက်ချက်များကို ပထမဦးဆုံး မှတ်တမ်းတင်ရေးသားခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူ့ကို "ပထမဦးဆုံး သမိုင်းဆရာ"


ဟီရိုဒိုးတပ်စ်

mgyoe.com

mgyoe.com





စထရာဘို

ပိုလီဘီယတ်ပ်



ဟု ခေါ်ဆိုရမည်ဖြစ်သည်။ သို့သော် သူသည် မှတ်တမ်းများသာ ရေးသူ သက်သက် မဟုတ်။ ဟီရိုဒိုးတပ်က သမိုင်း၏ အနက်အဓိပ္ပာယ်ကိုပါ ဖွင့်ဆိုခဲ့သည်။ ယဉ်ကျေးမှု ခေတ်ဦးပိုင်းတုန်းက မြေထဲပင်လယ်တစ်ဝိုက်တွင် စစ်မီးတွေ တဟုန်းဟုန်း တောက်လောင်ခဲ့၏။ ထိုစစ်ကြီးတွေ ဖြစ်ရသည့် အကြောင်းရင်းများ၊ ၎င်းအကြောင်းရင်းများ၏ နောက်ကွယ်ရှိ စေ့ဆော်ချက်များအကြောင်းကို ဟီရိုဒိုးတပ်က ကြိုးစားရှင်းပြခဲ့သည်။

နောက်ထပ် ပေါ်ထွန်းခဲ့သည့် သမိုင်းဆရာတစ်ဦးမှာ ဘီစီ ၂၀၁ မှ ၁၂၀ ထိ နေထိုင် အသက်ရှင်ခဲ့သည့် "ပိုလီဘီးယပ်"ဆိုသူ ဖြစ်၏။ သူသည်လည်း ဟီရိုဒိုးတပ်လိုပင် စေ့ဆော်မှုများကို အလေးပေးခဲ့သည်။ ပြီးတော့ သူ၏ ရှေးဦးဆရာလိုပင် စူးစမ်းရှာဖွေရေးကို အထူး စိတ်ဝင်စားခဲ့သည်။

ပိုလီဘီးယပ်နောက်တွင် ပေါ်ထွန်းခဲ့သူမှာ ဘီစီ ၆၃ တွင် မွေးဖွားသည့် "စထရာဘို"ပင် ဖြစ်သည်။ စထရာဘိုက သူ၏ တစ်သက်တာ လုပ်ငန်းအဖြစ် ပိုလီဘီးယပ် ရေးသွားသည့်သမိုင်းကို ဆက်လက် ရေးသားသည်။ သို့သော် သူက သမိုင်းဆိုင်ရာမှတ်တမ်းများအပြင် ကမ္ဘာ့

mgyoe.com

mgyoe.com


ပထဝီအကြောင်းကိုပါ သူ သိမြင်သည့်အတိုင်း ရေးသားခဲ့သည်။

ရှေးပဝေသဏီခေတ်များက လူတွေ၏ ဖြစ်ခြင်း၊ ပျက်ခြင်း အကြောင်းများကို ယနေ့ ကျွန်ုပ်တို့ သိနားလည်နေကြသည်မှာ ဟီရိုဒိုးတပ်၊ ပိုလီဘီးယပ်နှင့် စထရာဘိုဟူသည့် ဂရိသမိုင်းဆရာကြီးသုံးဦး၏ အားထုတ်မှုများကြောင့် ဖြစ်ပေသည်။ အဆိုပါ ဂရိပညာရှင်ကြီးသုံးဦးသည် သမိုင်းပညာကို အထူး လေ့လာလိုက်စားခဲ့သူ ဖြစ်သည်။ သူတို့ သုံးဦးကြောင့်ပင် ယနေ့ခေတ်သစ် စာသင်သားများအနေဖြင့် ကြေးခေတ်၏ စိတ်လှုပ်ရှားစရာများကို မျှဝေခံစားခွင့်ရကြသည်။ ပြီးတော့ ခေတ်ဦးစူးစမ်းရှာဖွေရေးသမားများ၏ ခြေရာအတိုင်း ဆောင်ရွက် လှုပ်ရှားခွင့်ရကြသည်။

**အရေးပါ အရာရောက်သော ခေတ်ဦးစူးစမ်းရှာဖွေရေးသမားများ**

ဂရိ သမိုင်းဆရာကြီးသုံးဦး မှတ်တမ်းတင်ခဲ့သည့် ခေတ်ဦးစူးစမ်းရှာဖွေမှုတွေအထဲတွင် သုံးခုမှာ ထူးခြားထင်ရှားသည်။

တစ်ခုမှာ အမည်မသိ အီဂျစ်လူမျိုး သင်္ဘောကပ္ပတိန်တစ်ဦး ရှာဖွေတွေ့ရှိခဲ့သည့် ရေလမ်းကြောင်းများ ဖြစ်၏။ ထို့အပြင် ကာသေ့လူမျိုး "ဟန်နို"၊ ဂရိလူမျိုး "ပိုင်သီးယပ်"တို့ ရှာဖွေတွေ့ရှိခဲ့သည့် ရေလမ်းကြောင်းများလည်း ရှိသည်။

ထိုခေတ် ထိုအခါက အခြားရှာဖွေရေးခရီးစဉ်တွေ များစွာ ရှိခဲ့၏။ အချို့ ခရီးစဉ်များအကြောင်းကို ပေထက်အက္ခရာတွင် မှတ်တမ်းပြုခဲ့ကြသော်လည်း အချို့ခရီးစဉ်များအကြောင်းကိုမူ မှတ်တမ်းတင်မှု လုံးဝ မပြုခဲ့ကြ။

မည်သို့ပင်ဖြစ်စေ၊ အထက်ဖော်ပြပါ ပုဂ္ဂိုလ်ကြီးသုံးဦးသည်ကား ထူးခြားထင်ရှားသည့် ခေတ်ဦးစူးစမ်းရှာဖွေရေးသမားများ ဖြစ်၏။

mgyoe.com

mgyoe.com



အီဂျစ်လူမျိုးတွေ ဘာကြောင့် စူးစမ်းရှာဖွေခဲ့ကြသလဲ

အီဂျစ် အထက်တန်းလွှာများ အသုံးပြုသည့် ရွှေအများစုမှာ "ဓမ်ဘီဆီ" မြစ်ဝမှလာသော ရွှေများ ဖြစ်သည်။ အီဂျစ်ရွက်သင်္ဘောများနှင့် ဖိုနီးရှားရွက် သင်္ဘောများသည် မကြာမကြာ ဆိုသလို အာဖရိက အရှေ့ပိုင်း ပင်လယ်ကမ်းခြေအတိုင်း စုန်ဆင်းသွားတတ်ကြသည်။ သူတို့က မိုတမ်ဘစ်ရေလက်ကြားအထဲသို့ ဝင်သည်။ ပြီးတော့ အဖိုးထိုက် အဖိုးတန်သတ္တုများကို ပြန်ဝယ်လာကြသည်။

မိုတမ်ဘစ် ရေလက်ကြားသည် မဒါဂါစကာကျွန်းနှင့် အာဖရိက ကမ်းခြေအကြားတွင် ရှိသည်။ တောင်ဘက်သို့ စီးနေသည့် ရေစီးသည် အလွန်သန်သည်။ အဆိုပါ ရေစီးကိုဆန်ပြီး အီဂျစ်သင်္ဘောအတော်များများသည် အီဂျစ်သို့ လုံးဝ ပြန်ရောက်ခဲ့ဟန် မရှိ။ ထိုကြောင့် အီဂျစ်ပြည်၏ ဖာရောက်ဘုရင် ဒုတိယမြောက် နီခိုက အီဂျစ်ပြည်သို့ အပြန်လမ်းကြောင်းတစ်ခု ရှာဖွေရန် သန္နိဋ္ဌာန်ချခဲ့သည်။



mgyoe.com

mgyoe.com


နီခိုသည် တန်ခိုးအာဏာ ထက်မြက်သည့် ဘုရင်တစ်ပါး ဖြစ်သည်။ သူက ရည်မှန်းချက် မြင့်မားသည်။ စိတ်ကူးစိတ်သန်း ကောင်းသည်။ တစ်ခါကဆိုလျှင် မြေထဲပင်လယ်နှင့် ပင်လယ်နီကို ဆက်သွယ်သည့် တူးမြောင်းဖောက်ဖို့ပင် ကြံစည်ခဲ့သည်။ သူ ရွေးချယ်ခဲ့သည့် နေရာမှာ ယခု စူးအက်တူးမြောင်း ဖောက်ထားသည့်နေရာပင် ဖြစ်သည်။

ဖမ်ဘီဆီမှ ရွှေပြဿနာကို ဖြေရှင်းရန်အတွက် အီဂျစ်လူမျိုး တစ်ဦး ခေါင်းဆောင်သည့် ဖိုနီးရှားသင်္ဘောတပ်ဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ နီခိုက သင်္ဘောတပ်ဖွဲ့အနေဖြင့် အာဖရိကကမ်းခြေအတိုင်း ဂျီဘရော်တာရေလက်ကြားသို့ အရောက်သွားရန်၊ ထို့နောက် မြေထဲပင်လယ်ကိုဖြတ်ပြီး အီဂျစ်သို့ ပြန်လာရန် အမိန့်ပေးလိုက်၏။ အာဖရိကတိုက်သည် ရေပတ်လည်ဝိုင်းနေကြောင်းကို နီခိုသည် တစ်နေရာရာ တစ်ချိန်ချိန်၌ လေ့လာသိရှိခဲ့ဟန်ရှိ၏။ သို့သော် ဘီစီ ၆၀၀ ကဲ့သို့သော ခေတ်ကာလမျိုးတွင် သူ့စိတ်ကူးမှာ အလွန်တရာ ရဲဝံ့လွန်းလှပြီး မကြံအပ်သည်ကို ကြံစည်သည်သို့ ဖြစ်နေခဲ့သည်။

**နီခို၏ သင်္ဘောတပ်ဖွဲ့ ဘယ်လောက်ကြာအောင် ရွက်လွှင့်ခဲ့ရသလဲ**


နီခို ခန့်အပ်လိုက်သည့် သင်္ဘောကပ္ပတိန်သည် အမိန့်အတိုင်း ရွက်လွှင့်ခဲ့သည်။ သူ ခရီးထွက်သွားသည်မှာ ကြာလွန်းမက ကြာလွန်းသည့်အတွက် သူပြန်လာဖို့ မျှော်လင့်ချက်တွေပင် တဖြည်းဖြည်း မှေးမှိန်ခဲ့ရသည်။ သို့သော် သူတို့ရေတပ်ဖွဲ့ ပြန်ရောက်လာသောအခါ အီဂျစ်တစ်တိုင်းပြည်လုံး လှိုက်လှဲဝမ်းသာ ဖြစ်ကြရသည်။ သူတို့သည် သုံးနှစ်ကြာမှ ပြန်ရောက်ခဲ့ကြခြင်း ဖြစ်၏။

တကယ်တော့ သူတို့ ပြန်ရောက်လာသည့်အတွက်သာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်မဟုတ်။ သူတို့ရှာဖွေတွေ့ရှိခဲ့သည့် ရေလမ်း

mgyoe.com

mgyoe.com





ကြောင်းသည်လည်း ထူးခြားအံ့သြဖွယ်ဖြစ်၏။ သူတို့သည် အာဖရိက သို့ ပြန်ရောက်အောင် မြေထဲပင်လယ်ကို ဖြတ်ကျော်ခဲ့ကြသည်။

သင်္ဘောကပ္ပတိန်က နီခို၏ ယူဆချက် မှန်ကန်ကြောင်းကို ဤခရီးစဉ်ဖြင့် သက်သေထူလိုက်၏။ ၎င်းရေလမ်းကြောင်းကား ရှာဖွေတွေ့ရှိခဲ့သည့် ရေလမ်းကြောင်းတကာထဲတွင် အရေးပါ အရာရောက်ဆုံး ရေလမ်းကြောင်းပင် ဖြစ်တော့၏။

**နီခို၏ သင်္ဘောတပ်ဖွဲ့ မည်သည့်လမ်းကြောင်းအတိုင်း ခရီးနှင်ခဲ့သလဲ**

ပင်လယ်နီမှသည် အိန္ဒိယ သမုဒ္ဒရာအထဲသို့ ဝင်သည်။ သင်္ဘောတပ်ဖွဲ့ကလေးသည် အိန္ဒိယ သမုဒ္ဒရာကမ်းခြေအတိုင်း တောင်ဘက်သို့ လှော်တက်အားကိုး၍ လည်းကောင်း၊ ရွက်အားကိုး၍ လည်းကောင်း စုန်ဆင်းကြသည်။ အာဖရိက၏ တောင်ဘက်အစွန်းသို့ ရောက်သွားသည်။ ထို့နောက် အနောက်ဘက်သို့ လှည့်ပြီး အာဖရိကတိုက်ကို ပတ်သည်။ ဂွတ်ဟုပ်အငူကို ကျော်ဖြတ်ပြီး မြောက်ဘက်သို့ ဦးတည်ကြသည်။ လမ်းခရီးတစ်လျှောက်တွင် ထူးခြားသော ကျွန်းများကို တွေ့


mgyoe.com

mgyoe.com


သည်။ ထူးခြားသော လူတွေကို တွေ့သည်။ လှိုင်းလေကြီးပြီး လျှို့ဝှက်ဆန်းကြယ်လှသော အတ္တလန်တိတ်သမုဒ္ဒရာကြီးကို တွေ့သောအခါ ကမ်းခြေကို တတ်နိုင်သမျှကပ်ပြီး ခရီးဆက်ခဲ့သည်။

ဂျီဘရော်တာ ရေလက်ကြားကို ဖြတ်သန်းပြီးသောအခါတွင်မူ သူတို့သည် ယဉ်ပါးပြီးသော ရေပြင်ပေါ်သို့ ပြန်ရောက်လာကြသည်။ သို့ဖြင့် မွေးရပ်မြေ အီဂျစ်ပြည်သို့ အောင်မြင်ဝံ့ကြွားစွာ ပြန်ခဲ့ကြသည်။

ဖာရောက်ဘုရင် ဒုတိယမြောက် နီခိုသည် ဤခရီးစဉ်ကို စတင်ကြံဆသူ ဖြစ်၏။ ဤခရီးစဉ်အတွက် ကုန်ကျစရိတ်ကိုလည်း သူကပင်ခံခဲ့၏။ ထို့ကြောင့် အာဖရိကတိုက်ကို ရေပတ်လည်ဝိုင်းနေကြောင်း ပထမဦးဆုံး ပြောခဲ့သူအဖြစ် နီခိုကို အသိအမှတ်ပြုကြ၏။ သို့သော် ထိုမျှအန္တရာယ်များသည့် ခရီးစဉ်ကို ရဲဝံ့စွန့်စား အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့သည့် သင်္ဘောကပ္ပတိန်၏နာမည်ကိုမူ ယနေ့အထိ ဘယ်သူမျှ မသိကြရပေ။




mgyoe.com

mgyoe.com



ဤ စွန့်စွန့်စားစား ရေလမ်းခရီးစဉ်အကြောင်းကို နောင်နှစ်ပေါင်း တစ်ရာ့ငါးဆယ်အကြာတွင် ဟီရိုဒိုးတပ်က မှတ်တမ်းတင်ခဲ့သည်။ သို့သော် သည်ခရီးစဉ်အကြောင်းကို ကမ္ဘာကြီးက မကြာမီအတွင်း မေ့လျော့သွားကြတော့၏။

အာဖရိကတိုက်သည် အာရှတိုက်နှင့်ဆက်စပ်နေကြောင်း၊ အိန္ဒိယသမုဒ္ဒရာသည် ကုန်းတွင်းသမုဒ္ဒရာတစ်စင်းဖြစ်ကြောင်းကို ၁၄၈၇ ခုနှစ်ကျမှ လူတွေ ယုံကြည်လက်ခံလာကြသည်။ စင်စစ် အသိနောက်ကျရခြင်း ဖြစ်သည်။

ထိုသို့ အသိပညာကြီးတစ်ခု ပျောက်ဆုံးသွားရခြင်းမှာ အကြောင်းရင်း သုံးရပ်ကြောင့်ဖြစ်၏။ ကုန်သွယ်ရေးဆိုင်ရာ ကုန်းလမ်းကြောင်းများ ပိုမိုကောင်းမွန်လာခြင်းမှာ တစ်ကြောင်းဖြစ်သည်။ ဒုတိယအကြောင်းမှာ မြေထဲပင်လယ်အနီးအနားတွင် ရွှေထွက်နေသောကြောင့် ဖြစ်သည်။ တတိယအကြောင်းမှာ ခေတ်ဦး ကမ္ဘာမှ လူအများစုသည် စာမတတ်သောကြောင့် ဖြစ်သည်။ ဟီရိုဒိုးတပ် မှတ်တမ်းတင်ခဲ့သည့်သမိုင်းကို လူများများစားစား မဖတ်နိုင်ခဲ့ကြပေ။

## ကာသေ့လူမျိုးများ ဘာကြောင့် ရေကြောင်းခရီးများ ထွက်ခဲ့သလဲ


ဘီစီ ၆၃၀ လောက်တွင် ကာသေ့လူမျိုးများသည် သူတို့ သိထားသည့် ကမ္ဘာကြီးကို စတင် လွှမ်းမိုးတော့၏။ ရေတပ်သားကောင်းများဖြစ်ပြီး ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်တတ်သော ကာသေ့လူမျိုးတွေသည် မြေထဲပင်လယ်အစပ်ရှိ နယ်မြေများကို လွှမ်းမိုးချုပ်ကိုင်နိုင်ခဲ့သည်။ စပိန်နှင့် မြောက်အာဖရိကကို ထိန်းချုပ်ပြီးသည်နှင့် ဂျီဘရော်တာရေလက်ကြားကို အပိုင်စီးထားကြသည်။ ရေလက်ကြားကို ဖြတ်လာသည့် သင်္ဘောအားလုံးထံမှ အခွန်အကောက်များ ကောက်ခံသည်။

mgyoe.com

mgyoe.com


သူတို့ ထိုသို့ပြုလုပ်ခြင်းမှာ စီးပွားရေးအကြောင်းကိစ္စများကြောင့် ဖြစ်သည်။ သူတို့ လိုချင်တပ်မက်သည့် ခဲမဖြူများသည် ဗြိတိန်နိုင်ငံမှ ကုန်းလမ်းဖြင့် လာသည်။ ကုန်းလမ်းက ရှည်လျားသည်။ ကြာသည်။ ကာသေ့တို့က မြောက်ပိုင်းရှိ ကျွန်းများနှင့် သီးခြားတိုက်ရိုက် ဆက်သွယ်လိုသည်။ ထို့ကြောင့် ဟင်မီ(လ်)ကို ဆိုသူအား ဦးဆောင်စေကာ သင်္ဘောတပ်ဖွဲ့ကြီးတစ်ဖွဲ့ ဗြိတိန်နိုင်ငံသို့ စေလွှတ်သည်။ သူက ဗြိတိန်နိုင်ငံနှင့် အပေးအယူ စနစ်တစ်ခု ထူထောင်ခဲ့သည်။ ဗြိတိန်နှင့် တိုက်ရိုက်ပေါက်သည့် ရေလမ်းကြောင်းကို သူတို့က ထိန်းထားသည်ဖြစ်ရာ ဗြိတိန်မှ တင်ပို့သည့် ခဲမဖြူ မှန်သရွေ့ကို သူတို့ လက်ဝါးကြီး အုပ်နိုင်တော့၏။

ဘီစီ ၅၀၀ တွင် ဟန်နိုဗာဆိုသူ ဦးဆောင်သည့် ကာသေ့ရေကြောင်းခရီးမှာ လက်အောက်ခံနယ်မြေများ ရှာဖွေရန်ထွက်သည့် ခရီးစဉ်အစစ် ဖြစ်သည်။ ဟန်နိုက သူနှင့်အတူ စစ်တပ်၊ အခြေချနိုင်မည့်သူများနှင့် စားနပ်ရိက္ခာ အပြည့်အစုံကို တစ်ပါတည်း တင်ဆောင်သွားသည်။



mgyoe.com

mgyoe.com



အာဖရိကတိုက်၏ အနောက်မြောက်ဘက် ကမ်းခြေအနီး အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ ကန်နာရီကျွန်းစုနှင့် မဒီရာကျွန်းတို့ကို တံငါသည်များနှင့် ကူးသန်းရောင်းဝယ်ရေးသမားများက တွေ့ရှိထားသည်။ ထိုကျွန်းများမှ တန်ဖိုးကြီးသည့် ခရမ်းရောင်ဆိုးဆေးထွက်သည်။ ကာသေ့လူမျိုးတို့က ထိုဈေးကွက်ကိုလည်း အပိုင်စီးချင်ကြသည်။

## ဟန်နို သွားခဲ့သည့် ရေလမ်းကြောင်း

ဟန်နို ဦးဆောင်သည့် သင်္ဘောတပ်ဖွဲ့တွင် လှော်တက်တပ် သင်္ဘောအစီး ခြောက်ဆယ် ပါဝင်သည်။ လူပေါင်း သုံးထောင် တင်သွားသည်။ အာဖရိကတိုက်၏ အနောက်မြောက်ဘက် ကမ်းခြေတစ်လျှောက်တွင် လက်အောက်ခံနယ်မြေများ ထူထောင်သွားသည်။

တန်ဖိုးရှိသည့် ကျွန်းများသို့သွားသည့် ရေလမ်းကြောင်းများကို လက်အောက်ခံနယ်မြေ အုပ်ချုပ်သူများက ထိန်းထားသည်။ အကာအကွယ် ပေးထားသည်။ ထိုအခါ ထိုကျွန်းများမှထွက်သည့် ခရမ်းရောင်ဆိုးဆေးများကို လက်ဝါးကြီး အုပ်ထားနိုင်တော့၏။

သို့သော် ဟန်နိုက ခရီးဆက်သည်။ လက်အောက်ခံနယ်မြေများမှ ထွက်ခွာပြီး "ကင်မရွန်း"သို့ ရောက်သည့်တိုင် တောင်ဘက်သို့ ခရီးဆက်ခဲ့သည်။ အာဖရိက အနောက်ပိုင်းရှိ ကင်မရွန်းမီးတောင်ကြီးကို စတင်တွေ့ရှိသည်။ မွေးရပ်ဌာနီသို့ ပြန်လာသောအခါ ယဉ်ကျေးသော လူသားတွေ တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသည့် အာဖရိက လူဝံများကို ဖမ်းလာခဲ့သည်။ ဟန်နိုသည် စားနပ်ရိက္ခာပြတ်သွားသဖြင့် ထိုနေရာမှ ပြန်လှည့်ခဲ့ခြင်း ဖြစ်၏။ မဟုတ်လျှင် တောင်ဘက်သို့ ခရီးဆက်ဦးမှာ သေချာသည်။

ကာသေ့လူမျိုးများ ထွက်ခဲ့သည့် ခရီးစဉ်သည် နယ်မြေသစ်များ

mgyoe.com

mgyoe.com





ရှာဖွေရန်နှင့် လက်အောက်ခံနယ်မြေများ ထူထောင်ရန် ထွက်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။ သည်ခရီးစဉ်ကို "ပထမဦးဆုံးသော နယ်မြေသစ်ရှာဖွေရေးခရီးစဉ်" ခေါ်ဆိုနိုင်လေသည်။

**ဂရိလူမျိုးတွေ ဘာကြောင့် မြောက်အရပ်ဘက်သို့ ခြေဦးလှည့်ခဲ့သလဲ**

ပြိုင်ဘက်ဖြစ်သည့် ကာသေ့ဂျ်များက ရေလမ်းကြောင်းတွေကို ထိန်းချုပ်ထားသည်။ ထိုအခါ ဂရိများမှာ အကြီးအကျယ် ပြဿနာတက်တော့၏။ မြေထဲပင်လယ်မှ ဖြာထွက်၍ မရသည့်အတွက် မြောက်

mgyoe.com

mgyoe.com



ပိုင်းနှင့် ကုန်သွယ်ရန်မှာ ကုန်းလမ်းကိုသာ အားထားရတော့မည် ဖြစ်၏။ သို့သော် ကုန်းလမ်းက နေးကွေးသည်။ အန္တရာယ်များသည်။ သည်တော့ မြောက်ပိုင်းရှိ နယ်မြေများအကြောင်း ယခုထက် ပိုသိဖို့ လိုအပ်သည်။ မြောက်ပိုင်းမှထွက်သည့် ပယင်းများ ရနိုင်ရန် ရေလမ်းကြောင်းတစ်ခု ရှာဖွေရမည်။

သို့ဖြင့် ဘီစီ ၃၂၅ ၌ အန္တရာယ် ပြွမ်းလှသည့် မြောက်ပိုင်းခရီးစဉ်ကို ဦးဆောင်ရန် နက္ခတ်ပညာရှင်နှင့် ပထဝီပညာရှင် "ပိုင်သီးယပ်" အား ဂရိအာဏာပိုင်များက ရွေးချယ်လိုက်သည်။ ပိုင်သီးယပ်က မာဆီးယားမှာ နေထိုင်သည်။ မာဆီးလီးယားသည် ယခုခေတ် ပြင်သစ်ပြည်၏မြို့တော် မာဆေး(လ်)ပင် ဖြစ်သည်။

"ဂျီဘရော်တာ" ရေလက်ကြားကို ကာသေ့များ ထိန်းချုပ်ထားသည့်ကြားမှပင် ပိုင်သီးယပ်က ရအောင် ဖောက်ထွက်သွားသည်။ ပြီးတော့ ပြင်သစ်ကမ်းခြေအတိုင်း မြောက်ဘက်သို့ ခရီးဆက်သည်။ အင်္ဂလန်ကို ကွေ့ပတ်ပြီး ဟော်လန်နှင့် ဂျာမနီကမ်းခြေများအတိုင်း မြောက်ဘက်စူးစူးသို့ ဆက်လက်ရွက်လွှင့်သည်။

## ပိုင်သီးယပ် အသုံးပြုခဲ့သည့် အထူးပညာရပ်

ပိုင်သီးယပ်ကား မိုက်ရူးရဲ စွန့်စားသူတစ်ဦး မဟုတ်။ ပင်လယ်ကမ်းခြေတွေအတိုင်း ရွက်လွှင့်သွားပြီး နယ်သစ်ပယ်သစ်များ အမှတ်မထင် တွေ့ချင်တွေ့လိမ့်မည်ဟု ခံယူထားသည့် စူးစမ်းရှာဖွေရေးသမားမျိုး မဟုတ်။ သူက သိပ္ပံပညာရှင်ဖြစ်သည်။ နက္ခတ်တာရာများကို ကြည့်ရှုလေ့လာထားသူ ဖြစ်သည်။ သို့ဖြစ်ရာ ကြယ်တစ်လုံး၏ လမ်းကြောင်းအတိုင်း သတ်သတ်မှတ်မှတ်လိုက်လျှင် သူ့ခရီးစဉ်သည် တိကျသေချာနိုင်သည်ဟု တွက်သည်။ သို့ဖြင့် သူက မြောက်ဘက်အရပ်

mgyoe.com

mgyoe.com


ကို ဝန်းရံနေသည့် ကြယ်တစ်စုကို ဂရုတစိုက် ရွေးချယ်ခဲ့သည်။ ဤနည်းပညာသည် သံလိုက်အိမ်မြှောင် (ကွန်ပတ်စ်) ကိုရိယာမပေါ်မီ နှစ်ပေါင်းရာပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့လေသည်။

သူက ရေတက်၊ ရေကျ ရက်များကိုလည်း တွက်ချက်ခဲ့သည်။ ထိုစဉ်က ခေတ်ဦးကာလတွင်ဖြစ်သော်လည်း လက်ရှိအနေအထားက သမုဒ္ဒရာရေပြင်၏ လှုပ်ရှားမှုများကို အကျိုးသက်ရောက်စေကြောင်း သိနေခဲ့ကြပြီ။ ထိုမျှမကသေးဘဲ ပိုင်သီးယပ်က အီကွေတာ၏ မြောက်လတ္တီတွဒ်မျဉ်းများ ဆွဲနိုင်အောင် စနစ်တစ်ရပ်လည်း ဖော်ထုတ်ခဲ့သည်။ မှတ်လောက် သားလောက်သည့် ပုဂ္ဂိုလ်ကြီးပင်တည်း။ ကမ္ဘာ့ ပထမဆုံးသော ရေကြောင်းပြစစ်စစ်ကြီးဟုလည်း ခေါ်နိုင်ပါသည်။

## ပိုင်သီးယပ် ဘယ်ဒေသတွေ ရောက်ခဲ့သလဲ

ပိုင်သီးယပ်က ဗြိတိန်နိုင်ငံသို့ ရွက်လွှင့်သွားသည်။ အိုင်ယာလန်ကျွန်းနှင့် ရှက်တလန်ကျွန်းစုများသို့ ဝင်သည်။ ပြီးတော့ လှိုင်းလေကြီးသော မြောက်ပင်လယ်ကို ခြောက်ရက်တိုင်တိုင် ပြောင်မြောက်စွာ ကျော်ဖြတ်ပြီး နော်ဝေမြောက်ပိုင်းသို့ ဆိုက်ရောက်ခဲ့သည်။

သူသည် ကမ္ဘာ့တောင်ပိုင်းသားတွေအထဲတွင် ရေခဲသည့် အာတိတ်သမုဒ္ဒရာကြီးကို ပထမဦးဆုံးမြင်ဖူးသူ ဖြစ်သည်။ ထို့အပြင် ညသန်းခေါင်တွင် ထွက်သည့် နေမင်းကြီး၏ ထူးခြားဆန်းပြားမှုများကိုလည်း တွေ့ခဲ့ရလေသည်။

ထို့နောက် ပိုင်သီးယပ်က နော်ဝေမှသည် ဂျာမနီသို့ ရွက်လွှင့်ခဲ့ခြင်း ဖြစ်သည်။ ဂျာမနီပြည်သို့ ရေလမ်းမှ ပထမဦးဆုံး ရောက်ဖူးသူဖြစ်သည်။ သူ၏ မာဆီးလီးယားသို့ အပြန်ခရီးကိုမူ မူလရှိပြီးဖြစ်သည့် ကုန်လမ်းခရီးကို အသုံးပြုခဲ့လေသည်။

mgyoe.com

mgyoe.com






**ပိုင်သီးယပ်၏ရေကြောင်းခရီးစဉ်ကြောင့် လူသားမျိုးနွယ်မှာ ဘာတွေအကျိုးရှိခဲ့သလဲ**

ပိုင်သီးယပ်၏ စွမ်းဆောင်မှုများက ကြေးခေတ်၏ အသိပညာဗဟုသုတကို များစွာကျယ်ပြန့်သွားစေ၏။ သူက ကမ္ဘာအတွေးအမြင်ကို ချဲ့ထွင်ပေးခဲ့သည်။ သူတီထွင်ခဲ့သော သိပ္ပံနည်းကျ လတ္တီတွဒ်မျဉ်းကြောင်းများကြောင့် ကမ္ဘာမြေနေရာ အနေအထားများကို မှန်းဆနိုင်လာသည်။

သူက ပထဝီဆိုင်ရာ ပညာရပ်အသစ်များကိုသာ ဖော်ထုတ်နိုင်ခဲ့သည်မဟုတ်။ မိခင်မြေသို့အပြန်တွင် ပယင်းထုတ်လုပ်မှုနှင့် ပတ်သက်သည့် သတင်းများ၊ ခဲမဖြူ တူးဖော်နည်းတို့ကိုလည်း ဆောင်ယူလာသည်။ ထို့အပြင် ကမ္ဘာမြောက်ပိုင်းသားတို့၏ ကြမ်းတမ်းခက်ထန်သော ဘဝနှင့် ဓလေ့ထုံးစံများအကြောင်းလည်း လေ့လာသိရှိခဲ့သည်။ သူက မိခင်မြေသို့ ယမကာနှစ်မျိုးကို သယ်ဆောင်လာပြီး မိတ်ဆက်ပေးခဲ့၏။ ၎င်းယမကာနှစ်မျိုးမှာ ခေတ်ဦးပေါ် ဘီယာနှင့် ပျားရည်အရက်တို့ဖြစ်သည်။

mgyoe.com

mgyoe.com


ဤ စာပေပညာရှင်၊ သိပ္ပံပညာရှင်နှင့် မိုးကောင်းကင်ကြီးကို လေ့လာဆည်းပူးခဲ့သည့် ပညာရှင်ကြီးသည် ကမ္ဘာကြီး တိုးတက် ထွန်းကားအောင် အသိပညာ တံခါးအသစ်များ ဖွင့်ပေးခဲ့လေသည်။

* * *

mgyoe.com

mgyoe.com



## ဗိုက်ကင်းများ အနောက်ဘက်သို့ ရွက်လွှင့်ခြင်း



ရောမအင်ပါယာကြီးက ကမ္ဘာကို လွှမ်းမိုးနေချိန်တွင် စိတ်လှုပ်ရှားတက်ကြွဖွယ်ကောင်းသော စူးစမ်းရှာဖွေမှုတွေ ယာယီ-ရပ်တန့်သွားသည်။ တိတိကျကျဆိုရလျှင် စွန့်စားစိတ်ရှိသူများသည် ရေလမ်းကြောင်းများနှင့် ကုန်လမ်း ကုန်သွယ်လမ်းကြောင်းများကို မွှေနှောက်ရှာဖွေနေကြဆဲဖြစ်၏။ သို့သော် ရောမသားများက ကြီးကြပ်စီစဉ်ခဲ့သည့် စူးစမ်းရှာဖွေရေး ခရီးစဉ်များမှာမူ လွန်စွာနည်းပါးလှသည်။

ရောမသားများက စီးပွားရေးသမားများဖြစ်သည်။ သူတို့က နယ်မြေသစ်များ ရှာဖွေရေးထက် လက်ရှိကုန်သွယ်နေသည့် နိုင်ငံများနှင့်

mgyoe.com

mgyoe.com


ပိုမိုတွင်ကျယ်စွာ ရောင်းဝယ်ဖောက်ကားရေးကို စိတ်ဝင်စားကြသည်။

ရောမ ကေရာဇ်များသည် ကမ္ဘာ့အစွန်အဖျားဒေသများနှင့် ဆက်ဆံရေးကို ပိုမို ခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။ အရောင်းအဝယ်ကိစ္စများ တွင်ကျယ်စေရန် ငွေကြေးစနစ်တစ်ရပ် ထူထောင်ခဲ့သည်။ ပြီးတော့ ကမ္ဘာကို ထိရောက်စွာနှင့် ရက်စက်ကြမ်းကြုတ်စွာ စိုးမိုးအုပ်ချုပ်ခဲ့ကြသည်။ ရောမအင်ပါယာကြီး ပြိုလဲပြီး နယ်မြေဒေသများအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ ပျက်စီးသွားသောအခါ လူ့အဆောက်အအုံတစ်ခုလုံးသည် အမှောင်ခေတ်အတွင်းသို့ ကျရောက်ခဲ့ရသည်။

**အမှောင်ခေတ်အတွင်း နိုင်ငံတွေအချင်းချင်း အဆက်အသွယ်ရှိခဲ့သလား**

ကူးသန်းရောင်းဝယ်ရေးသမားများ၊ စစ်သားများနှင့် နယ်လှည့်ဂီတ ပညာရှင်များက ကွဲပြားသော နယ်မြေဒေသများကို ဆက်သွယ်ပေးနေဆဲ ဖြစ်၏။ သို့သော် လူသားမျိုးနွယ်တို့၏ စွန့်လွှတ်စွန့်စားစိတ်ဓာတ်မှာမူ သေဆုံးပျောက်ကွယ်သွားဟန် ရှိသည်။

မြေရှင် ပဒေသရာဇ်များက လူများကို တင်းကျပ်စွာ အုပ်ချုပ်သည်။ ယဉ်ကျေးမှု အပြန်အလှန် ဖလှယ်ရေးများ ရပ်တန့်သွားသည်။ လူသားများ၏ ကြွယ်ဝလာပြီးသော ပညာဗဟုသုတများကို အားကြိုးမာန်တက် ထိန်းသိမ်းထားသူများမှာ ကက်သလစ်ဘာသာဝင် ဘုန်းတော်ကြီးများသာ ဖြစ်၏။ သူတို့၏ ဘုရားကျောင်းပရိဝုဏ်တွေအထဲတွင် လူသားမျိုးနွယ်တို့၏ ပန်းချီပညာ၊ စာပေပညာနှင့် ဂီတပညာတို့ကို မတိမ်ကောအောင် စောင့်ရှောက်ထားသည်။ သူတို့၏ ဘုရားကျောင်းနံရံများ အပြင်ဘက်တွင်မူ မတရား အာဏာရယူထားသူများနှင့် ကိုယ့်ကိုယ်ကိုယ် တင်မြှောက်သည့်ဘုရင်များက တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြလေသည်။

mgyoe.com

mgyoe.com



**အမှောင်ခေတ်များအတွင်း စူးစမ်းရှာဖွေမှုများရှိသလား**

ကမ္ဘာ့မြောက်ပိုင်း နယ်မြေများတွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး လွတ်လပ်သောလူများသည် ပင်လယ်ရေကြောင်းများတွင် လှည့်ပတ်သွားလာနေကြဆဲပင် ဖြစ်၏။ သူတို့ကား "ဗိုက်ကင်း"လူမျိုးများ ဖြစ်သည်။ သူတို့သည် ကြံ့ခိုင်တောင့်တင်းသည်။ ဆူညံပျော်ရွှင်တတ်သည်။ ရဲဝံ့သော တိုက်ခိုက်ရေးသမားများ ဖြစ်သည်။ ကျွမ်းကျင်သော သင်္ဘောသားများဖြစ်သည်။ ရွှေရောင်နှင့် အနီရောင် မုတ်ဆိတ်မွေးများ ထားလေ့ရှိသည်။ သူတို့တွင် သခင်ဟူ၍ မရှိ။

သူတို့သည် ဥရောပမြောက်ပိုင်းကို ခြိမ်းခြောက်နေသူများဖြစ်သည်။ သူတို့က အန္တရာယ်ကို ဖိတ်ခေါ်သူများ၊ မရောက်မပေါက်ဖူးသည့်ရေပြင်များသို့ အကြောက်အရွံ့မရှိသွားဝံ့သူများ ဖြစ်သည်။ ဗိုက်ကင်းသင်္ဘောများသည် ကမ္ဘာ့ရေပြင်များပေါ်တွင် နှစ်ပေါင်းငါးထောင်ကျော်မျှ လှည့်လည်သွားလာခဲ့ကြသည်။ ကြေးခေတ်တွင် လူတွေ သိထားပြီးသမျှ ရေပြင်များပေါ်တွင် ဗိုက်ကင်းလှေသင်္ဘောများ ရောက်ခဲ့သည် ချည်းသာဖြစ်သည်ဟု ယူဆကြသည်။



**ဗိုက်ကင်းတွေ ဘာကိုရှာဖွေကြသလဲ**

အခြေခံအားဖြင့် ဗိုက်ကင်းလူမျိုးများသည် ကုန်သွယ်သမားများမဟုတ်သလို ကုန်သည်များလည်း မဟုတ်။ သူတို့က လက်အောက်ခံ နယ်

mgyoe.com